# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၂၂ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၅ - ၂ - ၂၀၁၅ ]
# (ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မြောက်ဦးမြို့တွင်းရှိ လမ်းများကို ခရိုင်အဆင့်နှင့် လိုက်ဖက်ညီညွတ်မှုရှိအောင် ပြည်ထောင်စုအစိုးရ ဘဏ္ဍာငွေ သို့မဟုတ် ပြည်နယ်အစိုးရ ဘဏ္ဍာငွေဖြင့် သီးသန့်အစီအစဉ် တစ်ရပ်ချမှတ်ကာ အဆင့်မြင့်တင်ဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်ရှိ တရားမမှုကြီးအမှတ် (၁၀/၂၀၁၁) အမှုအား အမှန်ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၏ ဖြေကြားချက်ကို ပြန်လည်မေးမြန်းသည့်** မေးခွန်း၊

(ဂ) ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသတွင် PTTEPI ကုမ္ပဏီမှ ခြံစည်းရိုးခတ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ ဥယျာဉ်ခြံမြေသို့ သွားရောက်၍မရဘဲ လမ်းပိတ်ဆို့နေပါ၍ ယခင်ကုမ္ပဏီများကဲ့သို့ ခြံစည်းရိုးပတ်လမ်းပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ လေးအိမ်တန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ကယားပြည်နယ် မယ်စဲ့မြို့နယ် လမ်းဆုံကျေးရွာ၊ လယ်တောကျေးရွာ၊ ဟိုဂျစ်ကျေးရွာတို့တွင် ကျောင်းအဆင့် တိုးမြှင့်ပေးရန်နှင့် မူလတန်းကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။